သိန်းမင်းစာပေ

လုံးချင်းဝတ္ထုသစ်

# မုဿာလျှနိုးဝေ

## လောင်းရိပ်ပန်း



ချို သိန်း ရွှေ ကြည်

# အခန်း (၁)

Silk Air လေယာဉ်ကြီးက လေယာဉ်ပြေးလမ်းကြောင်းနှင့် ထိတွေ့ပြီး ပြေးလမ်းကြောင်းပေါ်မှာ အရှိန်တဖြည်းဖြည်းလျော့ပြီး ပြေးလွှားနေသည် ။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်ကြီးက ဆင်းသက်နေပါ၏။ ခါးပတ်ပတ်ထားသောခရီးသည် တွေကြားမှာ အသားအရေ မဖြူလွန်း မညိုလွန်းဘဲ နုညက်ညက်၊ အိအိထွေးထွေးနှင့် လှပသော မိန်းကလေး မြူးဝတီက လှုပ်ရှားနေသောလေယာဉ်ကြီးနှင့်အပြိုင် သူ့ရဲ့ ရင်ခုန်သံတွေလည်း အလွန်ကိုမြန်နေပါသည် ။

နှစ်နှစ်တာ ခွဲခွာခဲ့ရသော အမိမြေကို ပြန်ရောက်ပါပြီ။ ခွဲခွာခဲ့ရသော ဖခင်ဦးတင်မြူးနှင့် မိခင်ဒေါ်သီရိတို့ ကို တွေ့ရတော့မှာ မို့ ရင်ထဲမှာ ပျော်မြူးနေသည် ။

မြူးဝတီရဲ့ အတွေးထဲသို့ လွန်ခဲ့သော နှစ်နှစ်က သည် နိုင်ငံသို့ ခွဲခွာရသောအကြောင်းအရာ တစ်ခုတည်းက တစ်ခုသောအဖြစ်အပျက်က တိုးဝင်လာသည် ။

စောစောက ပျော်မြူးဆွတ်ပျံ့နေသောစိတ်က ရုတ်ခြည်းညှိုးကျသွားသည် ။ ခေါင်းကလေးကိုခါပြီး ထိုအတွေးဆိုးတို့ နှင့် ထုတ်ပစ်လိုက်သည် ။

"ငါ့ရဲ့ မေတ္တာနဲ့ မထိုက်တန်နဲ့ လူအကြောင်းကို မတွေးတာပဲ ကောင်းတယ်"

"သိပ်မုန်းဖို့ ကောင်းတဲ့ လူအကြောင်း ဘာလို့ ခေါင်းရှုပ်ခံပြီး ငါတွေးနေရတာလဲ"

"ရွံမုန်းစရာကောင်းတဲ့ သူ့အကြောင်းတွေ သွားစမ်းပါ၊ ငါ့ဘဝနဲ့ အဝေးဆုံးနေရာကို သွားစမ်းပါ"

"သူ့အတွက် ခံစားခဲ့ရတဲ့ ငါ့ခံစားချက်တွေကို ရင်ကနုတ်ပြီး ဟိုစကြဝဠာရဲ့ အဝေးဆုံးနေရာကို ငါ လွှင့်ပစ်ခဲ့ပြီပဲ"

"ခု မြန်မာပြည်ကိုပြန်လာတာ စိတ်သစ်လူသစ် ဘဝသစ်နဲ့ မြူးဝတီပဲ"

လွင့်ပျံ့ချင်နေသောစိတ်တွေကို စုစည်းပြီး စိတ်ကို တင်းလိုက်သည် ။ လေယာဉ်က ရပ်တန့်သွားပြီမို့ ခါးကခါးပတ်ကို ဖြုတ်လိုက်သည် ။

လက်ဆွဲအိတ်ကိုဆွဲရင်း စလင်းဘက်ကိုလွယ်ပြီး လေယာဉ်ပေါ်က ဆင်းနေသော ခရီးသည် တွေနောက်ကနေ လိုက်ဆင်းခဲ့သည် ။

လေကားပေါ်ကဆင်းပြီး အမိမြေကို ပထမဦးဆုံးခြေလှမ်းချလိုက်သည့်အခါမှာ စိတ်ထဲမှာ ကြည်နူးသွားရပါသည် ။

သွက်လက်သောခြေလှမ်းတွေနှင့် လေဆိပ်အဆောက်အအုံဆီသို့ လှမ်းလာခဲ့သည် ။ သူ့ရဲ့ လပ်ဂိတ်ချ်ပစ္စည်းတွေကို ရွေးပြီး အကောက်ခွန်ဌာနမှ စစ်ဆေးခြင်းကိုခံကာ လက်တွန်းလှည်းလေးတွန်းပြီး ထွက်လာခဲ့သည် ။

လာကြိုနေသည့်လူတွေရဲ့ ကြားမှာ မျက်လုံးလေးဝေ့ပြီး ရှာလိုက်တော့ ဝမ်းသာအားရ လက်ပြနေသော မိဘနှစ်ပါးကိုတွေ့ရ၏။ အပြေး

အလွှားလျှောက်လာသည် ။

"သမီးလေးမြူး"

"မေမေ"

ရင်ဖွင့်ပြီးကြိုနေသော မိခင်ရဲ့ ရင်ခွင်ထဲသို့ တိုးဝင်ဖက်တွယ်ပြီး ဝမ်းသာကြည်နူးစွာ မျက်ရည်လည်ရပါသည် ။

"ဖေဖေတို့ မေမေတို့ ကို ကျန်းကျန်းမာမာတွေ့ရတာ မြူးပျော်လိုက်တာ"

"သမီးလေးမြူး ပြန်လာတာကိုပဲ မေမေတို့ သိပ်ကို ဝမ်းသာတယ်ကွယ်"

"အမေကြီးရေ လမ်းပိတ်နေပြီ၊ လမ်းဖယ်ပေးလိုက်ဦး"

ဦးတင်မြူးက သားအမိနှစ်ယောက်ကို နောက်ကခရီးသည် တွေသွားသာအောင် ဘေးသို့ သာသာလေးဆွဲလိုက်သည် ။

မြူးဝတီက မျက်နှာပေါ်ကမျက်ရည်စတွေကို တို့ သုတ်ပြီး ရယ်လိုက်သည် ။

"မေမေရေ၊ အိမ်ရောက်မှ ပဲ စကားတွေအများကြီးပြောပြမယ်နော်"

"ဟုတ်တယ်သမီးရယ်"

ပစ္စည်းတွေကိုကား နောက်ဖုံးထဲထည့်ပြီး လေဆိပ်ကနေ ထွက်လာခဲ့ကြသည် ။ သံလွင်လမ်းဆီသို့ ယာဉ်မောင်းက တိုက်ရိုက် မောင်းခဲ့သည် ။

"မြူးရိပ်ငြိမ်ဟိုတယ်ရဲ့ အခြေအနေက ကောင်းရဲ့ လား ဖေဖေ"

"မဆိုးပါဘူးကွယ်"

ဦးတင်မြူးရဲ့ အသံက သိပ်ပြီး တက်တက်ကြွကြွ မရှိသည် ကို မြူးဝတီက သတိပြုမိသည် ။

"ဟိုတယ်မန်နေဂျာကလဲ ဒီပလိုမာရခဲ့တဲ့ သမီး ပြန် လာပြီဆိုတော့ ဖေဖေ အရမ်းကို အားတက်နေတယ်သိလား"

"ဟုတ်တယ် ဖေဖေ၊ မြူးပြန်ရောက်ပြီး ဟိုတယ်ကို တိုးတက်အောင် ကောင်းကောင်း ထိန်းသိမ်းမယ်သိလား"

"အေးပါကွယ်"

စင်ကာပူနိုင်ငံတွင် နှစ်နှစ်တာ ဒီပလိုမာသင်တန်းကို တက်ရောက်အောင်မြင်ခဲ့သော မြူးဝတီက တက်ကြွအားရစွာ ပြောသည် ။

န ၂စ ်န ၂စ ်အ   တ ႁင ်းမ ၂ၥ ပြောင်းလဲမှုအချို့ဖြစ်နေသော ပတ်ဝန်းကျင်ကိုကြည့်ပြီး မိဘတွေနှင့် စကားပြောလာသည် ။ သံလွင်လမ်းရှိနေအိမ်ရှေ့သို့ရောက်ပါပြီ။

ဟိုတယ်နှင့်ဝန်းကျင် တစ်ဆက်တည်းရှိနေသော အိမ်ရဲ့ ဆင်ဝင်အောက်မှာ ကားက ရပ်သွားသည် ။

ကားရပ်သည် နှင့် မြူးဝတီက ကားပေါ်မှ အလျင်ဆင်းပြီး တစ်ဖက်မှာ ရှိနေသော မြူးရိပ်ငြိမ်ဟိုတယ်ဆီသို့ အပြေးတစ်ပိုင်းနှင့် ရောက်လာပြီးကြည့်သည် ။ အပြင်ကနေ ခြုံငုံကြည့်ပြီး မြူးဝတီရဲ့ မျက်နှာ မှ ု င်းသွားသည်  ။

အိမ်ရှေ့ဆင်ဝင်အောက်မှာ ရပ်လျက် သူ့ကို စောင့်ကြည့်နေသော မိဘနှစ်ပါးထံသို့ လျှောက်ခဲ့သည် ။

"ဆေးတွေဟောင်းနွမ်းနေပြီ၊ ထပ်မသုတ်ဘူးလား ဖေဖေ"

"အေးကွယ် … မသုတ်ဖြစ်ဘူး"

ဖခင်ရဲ့ မျက်နှာ မသာမယာရှိနေသည် ကိုတွေ့ရပြီး အဆင်မပြေမှုတွေရှိနေပြီဆိုတာ မြူးဝတီက သိလိုက်သည် ။

"သမီးရယ် အိမ်ထဲဝင်ပါဦး၊ နောက်မှ ဟိုတယ်အကြောင်းပြောကြတာပေါ့"

ဒေါ်သီရိက မြူးဝတီရဲ့ လက်မောင်းလေးကိုဖက်ပြီး အိမ်ထဲသို့ခေါ်ခဲ့သည် ။ အိမ်ထဲရောက်တော့ မြူးဝတီက ဧည့်ခန်းနှင့် တစ်အိမ်လုံးကို လှည့်ပတ်ကြည့်ရှုပြီး ပြောသည် ။

"အိမ်က နှစ်နှစ်အတွင်းမှာ ဘာမှ မပြောင်းလဲဘူး၊ အရင်အတိုင်းပဲနော်"

"အင်း … ဟုတ်တယ်"

ဒေါ်သီရိက ခပ်လေးလေးပင် ထောက်ခံလိုက်သည် ။ အိမ်ဖော်ဒေါ်သေးက အအေးဖန်ခွက်များ ဧည့်ခန်းဆီသို့ယူလာသည် ။

"သမီးလေးမြူးရေ အမောပြေအအေးလေးသောက်လိုက်ဦး"

သားအမိသားအဖသုံးယောက် အအေးဖန်ခွက်ကိုယ်စီနှင့် စကားထိုင်ပြောသည် ။ မြူးဝတီက ဟိုတယ်အကြောင်းကို စကားစလိုက်သည် ။

"ဖေဖေ ဟိုတယ်အပြင်ဘက်ကတော့ အိုမင်းနေပြီ၊ အတွင်းမှာ ရောပြင်ဆင်ထားသေးလား"

"သမီးသွားတုန်းကအတိုင်းပဲ"

"အင်း … ဒီနှစ်နှစ်အတွင်းမှာ ဆေးသုတ်တာတို့ ၊ ပြင်ဆင်တာတို့ မရှိဘူးပေါ့"

"အင်း"

ဦးတင်မြူးက ခပ်လေးတွဲတွဲပင် ပြန်ဖြေသည် ။ မြူးဝတီက ဟိုတယ် အတွင်းသို့ ပြေးကြည့်ချင်သည် ။

"မြူး ဟိုတယ်ထဲ သွားကြည့်လိုက်ဦးမယ်"

"နေပါဦးကွယ်၊ နားပြီးမှ သွားပါ"

"မြူးမှ မပင်ပန်းတာ၊ နားစရာမလိုပါဘူး၊ ခုပဲသွားကြည့်မယ်"

မြူးဝတီက လုပ်ချင်သည် ဆိုလျှင် လုပ်လိုက်ရမှ ကျေနပ်သည် မို့ ဦးတင်မြူးက လိုက်ပို့ရန် စိတ်ကူးလိုက်သည် ။ မြူးဝတီက ကုန်သွားသော ဖန်ခွက်လွတ်ကို စားပွဲပေါ်သို့ချပြီး မတ်တတ်ရပ်လိုက်သည် ။

"သွားစို့လား ဖေဖေ"

"သွားတာပေ့ါ"

"မြူး ခဏသွားလိုက်ဦးမယ်နော်၊ မေမေ"

"အေးပါကွယ်"

ဦးတင်မြူးနှင့် မြဝတီတို့ ဟိုတယ်ဘက်ဆီသို့ ကူးခဲ့သည် ။ ဟိုတယ် ဆိုင်းဘုတ်ကို မော့ကြည့်ပြီး နှစ်နှစ်အတွင်းမှာ အတော်ဟောင်းသွားသ ည် ကို မြူးဝတီထင်သည် ။ သားအဖနှစ်ယောက် ဟိုတယ်အတွင်းသို့ ဝင် လိုက်သည် ။

ဟိုတယ်ဝန်ထမ်းတွေက မြူးဝတီတို့ သားအဖအား ဝမ်းသာအားရ နှုတ်ဆက်လိုက်ကြသည် ။ အားလုံးနှင့်စကားပြောဆိုသည့် မြူးဝတီက လက်ထောက်မန်နေဂျာနှင့် ပို၍ ပြောဖြစ်သည် ။

"မမြူးဝတီရောက် လာပြီဆိုတော့ ဟိုတယ်မှာ ပိုပြီး စည်စည်ကား

ကားဖြစ်လာမယ်လို့ ထင်တယ်"

"ဟုတ်ပါတယ်၊ မြူးတတ်လာတဲ့ အတတ်ပညာနဲ့ ဟိုတယ်ကို ပိုပြီး အောင်မြင်အောင် လုပ်မှာ ပါ"

"ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်တို့ က ဒီဟိုတယ်မှာ မှီခိုလုပ်နေရတဲ့ သူတွေမို့ ဒီဟိုတယ်ကြီးအောင်မြင်ကြီးပွားနေတာကိုပဲ မြင်ချင်ပါတယ်"

"အားလုံး ဝိုင်းဝန်းကြိုးစားကြတာပေါ့ရှင်"

မြူးဝတီက ဟိုတယ်အတွင်းမှာ လိုက်ကြည့်ရှုသည် ။ ဧည့်သည် မရှိသောအခန်းလွတ်တွေကို ဝင်ကြည့်သည် ။ ဟောင်းနွမ်းအိုမင်းခြင်းတွေကသာ သူ့ကို ဆီးကြိုနှုတ်ဆက်လိုက်သည် ။

ဟိုတယ်ဝန်းထမ်းတွေရှေ့တွင် ဘာမျှမပြောဘဲ တိတ်ဆိတ်စွာကြည့်ပြီး အိမ်ကိုပြန်လာခဲ့သည် ။

အိမ်ရောက်တော့မှ ဧည့်ခန်းကဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည် ။ သက်ပြင်းတစ်ချက်ကို နက်ရှိုင်းစွာချလိုက်သည် ။ ဦးတင်မြူးက မရွှင်ပျသောမျက်နှာနှင့် သူ့ကိုကြည့်နေသည် ။

"သမီးလေး စိတ်ပျက်သွားပြီလား"

"ဟိုတယ်မှာ ဧည့်သည် တွေက နည်းလိုက်တာ ဖေဖေ"

"ဟုတ်တယ်၊ ဒီထက်ကောင်းတဲ့ ဟိုတယ်တွေထပ်ပေါ်နေတော့ သစ်လွင်တဲ့ နေရာမှာ တည်းကြတာပေါ့"

"ဒါဆို ဖေဖေလဲ ဒီဟိုတယ်ကို ပြန်ပြီးပြုပြင်သင့်ပြီ၊ အပြိုင်အဆိုင်တွေများ တဲ့ ခေတ်မှာ ဒီလိုကြီးထားရင် ကြာတော့ တည်းတဲ့ သူတောင်

ရှိမှာ မဟုတ်ဘူး "

"ပြင်ချင်တာပေါ့ကွယ်၊ ပြင်ဖို့ ဆိုတာ နည်းတဲ့ စရိတ်စကမှ မဟုတ်ဘဲ"

"ဖေဖေ မတတ်နိုင်ဘူးလို့ ဆိုလိုတာလား"

"ဟုတ်တယ်သမီး၊ ဖေဖေတို့ စီးပွားရေးက ကျဆင်းနေပြီ"

"နှစ်နှစ်အတွင်းမှာ မြူးအတွက် စရိတ်စက ဖေဖေတို့ အတော်ကုန်ခဲ့တာနော်"

မြူးဝတီက တွေးတွေးငေးငေးနှင့်ပြောသည် ။

"အဲဒါက ဒီလောက်မဟုတ်ပါဘူးကွယ်၊ ရှုံးနေတဲ့ ဟိုတယ်ရဲ့ စရိတ်က ထိတာပါ၊ အလုပ်သမားစရိတ်နဲ့ အသုံးစရိတ်ကို ကာမိအောင် ဝင်ငွေက မဝင်တော့ အရင်းထဲကပါ ကုန်တာပေါ့ကွယ်"

"အဲလိုဖြစ်နေတာကြာပြီလား ဖေဖေ"

"သမီးလေးသွားပြီးကတည်းကဆိုပါတော့"

"အင်း ... ဒါဆို အတော်အခြေအနေဆိုးနေပြီပေါ့"

"ဟုတ်တယ်၊ ဖေဖေလဲ ကြံရာမရလို့ မောင်မိုးယံမြင့်ဆီက အကြံတောင်းဖူးတယ်"

မိုးယံမြင့်ဆိုသော အမည်ကိုကြားလိုက်သဖြင့် မြူးဝတီရဲ့ ကိုယ်လေး တောင့်ခနဲဖြစ်သွားသည် ။

"သူ့ရဲ့ မိုးယံဟိုဘက်က အသစ်ပြန်ပြုပြင်လိုက်တော့ ကောင်းလိုက်တာကွယ်၊ ဧည့်သည် တွေကလဲ အမြဲအပြည့်ပဲ"

ကြားရသောစကားတွေက မြူးဝတီအတွက် အလွန်နားခါးစရာဖြစ်

နေသည် ။

"သူက သိပ်အောင်မြင်နေတော့ ဖေဖေ့ဆီကတောင် ဒီဟိုတယ်ကို ဝယ်ချင်လို့ ကမ်းလှမ်းသေးတယ်"

"ဟင် ... ဟုတ်လား၊ ဘယ်တုန်းကလဲဟင်"

"သမီးထွက်သွားပြီး မကြာခင်ကပဲပေါ့"

"ဒါဆို နှစ်နှစ်လောက်ရှိပြီပေါ့"

"ဟုတ်တယ်"

"ဖေဖေက ဘာပြန်ပြောလိုက်လဲ"

"အဲဒီတုန်းကအခြေအနေက သိပ်မဆိုးသေးဘူးလေ၊ ဖေဖေက နိုင်နိုင်နင်းနင်းရှိသေးတော့ မရောင်းဘူးလို့ ပြောလိုက်တယ်၊ ဒီဟိုတယ်ကို ဖေဖေ ဘယ်လောက်ခင်တွယ် ခုံမင်တယ်ဆိုတာ သမီးသိသားပဲ"

"ဟုတ်ပါတယ် ဖေဖေ"

"သမီးရဲ့ ဘိုးဘိုးလက်ထက်ကတည်းက စတင်တည်ထောင်လာတဲ့ ဒီဟိုတယ်ကို သမီးတို့ ကလဲ ဆက်ပြီး ထိန်းသိမ်းရမှာ ပဲ၊ သမီးမှာ တာဝန်ရှိတယ်နော်"

"ဟုတ်ကဲ့ပါ ဖေဖေ၊ မြူး အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

"သမီးကိုပဲ ဖေဖေတို့ အားကိုးရတော့မှာ ပဲ"

မြူးဝတီက တွေးရင်း သူ့အပေါ်တွင် ကြီးမားလေးလံသော တာဝန်တွေ ပြိုကျဖိစီးနေပြီဆိုတာ သိ၍ ရင်လေးသွားသည် မှာ အမှန်ပါ။

သူ့ရဲ့ ဖခင် အလွန်ခင်မင်မြတ်နိုးသော မြူးရိပ်ငြိမ်ဟိုတယ်ကို မြူးဝတီက အစဉ်အလာအတိုင်း ဆက်လက်ထိန်းသိမ်းချင်ပါသည် ။

တောင်ကြီးကိုဖြိုမယ့်ကြံ၊ ခါးကမသန်ဆိုသည့် အဖြစ်မျိုးဖြစ်မှာကြောက်လာသည် ။ ထိန်းသိမ်းလိုသော စိတ်ဆန္ဒပြင်းပြသော်လည်း သူ့မှာ ပြည့်စုံသောအရည်အချင်း ရှိပါ့မလားဟု စိုးရိမ်စွာတွေးသည် ။

"ကဲ ... သမီးရယ်၊ ဟိုတယ်ကိစ္စ နောက်မှ ဆွေးနွေးကြနော် ရေချိုးလိုက်၊ ပြီးရင် ဖေဖေတို့ မိသားစုသုံးယောက် ထမင်းလက်ဆုံ စားကြမယ်၊ မစားရတာ ကြာပြီလေ"

"ဟုတ်ကဲ့ မေမေ"

***

# အခန်း (၂)

ထမင်းစားသောက်ပြီး မိသားစုသုံးဦး ထိုင်စကားပြောကြသည် ။ ဦးတင်မြူးက ဟိုတယ်အကြောင်းကို အတတ်နိုင်ဆုံး မစဘဲနေသည် ။ မြူးဝတီကလည်း အခြေအနေကို ရိပ်စားမိသဖြင့် စိတ်ဓာတ်ကျစရာတွေကြားရမှာ စိုးပြီး စကားကို အစမဖော်ပါ။

"သမီးလေးမြူး ဟိုမှာ သူငယ်ချင်းတွေ ကျန်ရစ်ခဲ့မှာ ပေါ့"

"ဟုတ်တယ် မေမေ"

"မြန်မာတွေလား"

"သင်တန်းမှာ မြန်မာမရှိဘူး၊ တခြားနိုင်ငံသားတွေပဲ၊ အပြင်မှာတော့ တခြားမြန်မာ သူငယ်ချင်းတွေရှိတယ်"

"သူတို့ က ပြန်မလာသေးဘူးပေါ့နော်"

"ဟုတ်တယ်၊ ဟိုမှာ အလုပ်လုပ်နေကြတာပါ"

"သမီးသူငယ်ချင်းတွေက ဟိုမှာ အဆင်ပြေလို့ လား"

"အဆင်ပြေတာရှိသလို တချို့ကျတော့လဲ အတော်ကြီးကို ခြိုးခြံချွေတာနိုင်လို့ ဒီကိုပို့နိုင်တာပါ"

"ဟုတ်လား"

"တချို့ဆို မေမေရယ်၊ အဆင်မပြေဘဲ ဘဝပျက်သွားတဲ့ မိန်းကလေး တွေရှိတယ်"

"ဟုတ်လား၊ သနားစရာကွယ်"

"ဒါကသူတို့ မိဘတွေတော့ မသိကြဘူးပေါ့၊ ဟိုမှာ ပဲ People Park မှာ ဆိုရင်လေ အဲလိုမိန်းကလေးတွေ တော်တော်များများကို တွေ့ခဲ့ရတယ်"

"ဟုတ်လား၊ စိတ်မကောင်းစရာကွယ်"

"အဲဒီက မိန်းကလေးတစ်ယောက်နဲ့ သိခဲ့ပြီး သူ့အကြောင်းကို သိရလို့ စိတ်မကောင်းဘူး၊ ဒါနဲ့ သူ့ကို မိဘတွေရှိတဲ့ အမိမြန်မာပြည်ကို ပြန်ဖို့ မြူးက တိုက်တွန်းခဲ့တယ်"

"သူက ဘာပြောလဲ"

"သူ ကြိုးစားပါ့မယ်လို့ ပြောတာပဲ"

"မိဘတွေဆီ ပြန်လာသင့်တယ်၊ မိဘရင်ခွင်လောက် လုံခြုံနွေးထွေးတဲ့ နေရာ မရှိနိုင်ပါဘူးကွယ်"

"ဟုတ်တယ် မေမေရယ်၊ မြူးလေ အဝေးရောက်မှ ဖေဖေ မေမေတို့ရဲ့ စေတနာမေတ္တာတွေကို ပိုသိခဲ့ရတယ်၊ ဒါကြောင့် ခုလိုပြန်ပြီး မေမေတို့ ရင်ခွင်မှာ ခိုလှုံရတာ ပိုပြီး တန်ဖိုးသိပြီး ကြည်နူးခဲ့ရပါတယ်"

"ကဲ … အဖေကြီး တွေ့ပြီမဟုတ်လား၊ ကျွန်မသမီးလေးဟာ အလိမ္မာလေးပါလို့ "

"အေးပါကွာ၊ သမီးလိမ္မာတာ အဖေကြီးသိတာပေါ့"

မိဘနှစ်ပါးက သည် လို ထုတ်ဖော်ချီးကျူးလိုက်တော့ မြူးဝတီရဲ့ ရင်

ထဲမှာ အတိုင်းမသိ ကြည်နူးဝမ်းသာရပါသည် ။

စကားတွေပြောလို့ ဝမှ သားအမိသုံးယောက် လူစုခွဲပြီး ကိုယ့်အခန်းဆီသို့ အသီးသီးဝင်ခဲ့ကြသည် ။ အခန်းရောက်ပြီး ခုတင်ပေါ်လှဲလိုက်သော်လည်း မြူးဝတီက အိပ်မပျော်သေးပါ။

ဟိုတယ်ရဲ့ အခြေအနေသည် ဖခင်က ဖွင့်မပြောသော်လည်း စီးပွားရေးက အတော်ကျဆင်းနေပြီဆိုတာကို မြူးဝတီက ခန့်မှန်းသိသည် ။

လဲပြိုတော့မယ့် ဟိုတယ်ကြီးကို ငါ့ရဲ့ စွမ်းဆောင်မှုနဲ့ ပြန်ပြီးထောင်မတ်လာအောင် လုပ်နိုင်ပါ့မလား။

မြူးဝတီက ရင်လေးစွာတွေးပြီး အိပ်ပျော်သွားသည် ။

***

နောက်တစ်နေ့နံနက် မြူးဝတီက အိပ်ရာအထမှာ မျက်နှာ သစ်ရင်းနှင့် ရေမိုးချိုးပြင်ဆင်လိုက်သည် ။ နံနက်စာ ဘရိတ်ဖတ်စ်ဝိုင်းမှာ မိသားစုသုံးယောက်ဆုံသည် ။

"သမီးက စောစောစီးစီး ပြင်ဆင်ပြီးပြီကိုး"

"ဟုတ်တယ် မေမေ၊ စားသောက်ပြီးရင် ဟိုတယ်ကို သွားမယ်၊ ဒီနေ့ကစပြီး မြူး အလုပ်ဆင်းမှာ လေ"

"နားပါဦးလား သမီးရယ်"

"နားရလောက်အောင် မြူးမပင်ပန်းခဲ့ပါဘူး မေမေရယ်"

ရောက်ရောက်ချင်း မြူးဝတီ စိတ်ညစ်စရာတွေ မတွေ့စေချင်၍ ဦး

တင်မြူးက တစ်ရက်တန်သည် ၊ နှစ်ရက်တန်သည် နားစေချင်နေသည် ။ မြူးဝတီက ငယ်စဉ်ကတည်းက သူလုပ်ချင်တာကို လုပ်တတ်သည် မို့ လွှတ်ထားလိုက်သည် ။ စားသောက်ပြီး ဟိုတယ်ဘက်ဆီသို့ သားအဖနှစ်ယောက် ကူးခဲ့သည် ။

"ဖေဖေ မြူးအတွက် ရုံးခန်း သီးသန့်လုပ်ပေးနော်"

"လုပ်ထားပါတယ် သမီးရယ်၊ သမီး ပြန်လာရင် အဆင်သင့်ဖြစ်အောင် ဖေဖေ လုပ်ထားတယ်"

"ဖေဖေ့ကိုကြည့်ရတာ သိပ်ပြီး ပင်ပန်းနွမ်းနယ်နေပုံရတယ်"

"ဟုတ်တယ်၊ စိတ်ထဲ အတော်ပင်ပန်းနေပြီ"

ဦးတင်မြူးက တစ်ယောက်တည်း ကျိတ်ပြီးခံစားခဲ့ရသဖြင့် သမီးနှင့်တွေ့တော့ အားကိုးတကြီး ဖွင့်ပြောလိုက်သည် ။ ငယ်ရွယ်ဖျတ်လတ်ပြီး နိုင်ငံခြားမှာ ပညာသင်ခဲ့သောသမီးတွင် သူ့ထက်သာသော အရည်အချင်းတွေရှိမည်ဟု မျှော်လင့်သည် ။

ဦးတင်မြူးက မြူးဝတီအတွက် သီးသန့်ပြင်ဆင်ထားသော ရုံးခန်းဆီသို့ ခေါ်သွားသည် ။ မြူးဝတီက အခန်းကို လှည့်ပတ်ကြည့်လိုက်သည် ။ ဟောင်းနွမ်းအိုမင်းခြင်းသည် မြူးရိပ်ငြိမ်ဟိုတယ်ရဲ့ သင်္ကေတလို့ ပြောရမလိုပင် ဖြစ်နေသည် ။ ထိုရုံးခန်းတို့ မှာ လည်း အိုမင်းရင့်ရော်ခြင်းက နေရာယူနေသည် ။

"သမီး ကြိုက်တယ်မဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ"

"သမီးမေမေ ကွယ်ရာမှာ ဖေဖေတို့ သားအဖနှစ်ယောက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရအောင်လား"

"ဟုတ်ကဲ့ ပြောပါဖေဖေ"

"သမီးမေမေရဲ့ နှလုံးရောဂါအခြေအနေက မဆိုးပေမဲ့ သူ့ကို စိတ်ညစ်စရာတွေကို ဖေဖေ မပေးချင်ဘူးကွယ်"

"ဟုတ်ပါတယ် ဖေဖေ၊ မေမေက အေးအေးနေတတ်ပြီး စီးပွားရေးလဲ နားမလည်၊ ကျန်းမာရေးလဲမကောင်းတော့ သူ့ကို စိတ်ညစ်စရာ ဘာမှ မပြောတာ ကောင်းပါတယ်"

"ဟုတ်တယ်၊ ဒါကြောင့် သူ့ကို အတွင်းကျကျကိစ္စတွေပေးမသိဘူး"

"ဘယ်လိုအခက်အခဲနဲ့ တွေ့နေကြုံနေရလဲ၊ မြူးကို မထိန်မချန်ဘဲ ပြောပါဖေဖေ"

"ပြောရမှာ ပဲကွယ်၊ ဖေဖေ့မှာ ရင်ဖွင့်စရာ၊ တိုင်ပင်စရာအားကိုးစရာဆိုလို့ သမီးတစ်ယောက်ပဲ ရှိတာမဟုတ်လား"

"ပြောပါ ဖေဖေ"

"ဖေဖေတို့ ရဲစီးပွားရေးက အတော်ယိုင်နေပြီ၊ ဒီအတိုင်းသာသွားရင် မကြာခင် ပြိုလဲလိမ့်မယ်"

"အဲဒီလောက်တောင်ဆိုးနေပြီလား ဖေဖေ"

"ဟုတ်တယ် သမီးရယ်၊ အသက်ကြီးတဲ့ အချိန်မှာ ဒီလိုပြဿနာတွေနဲ့ ရင်ဆိုင်ရတော့ ဖေဖေ တကယ်အားငယ်တယ်၊ ဒါကြောင့် သမီးပြန်အလာကို မျှော်တာ"

မျှော်လင့်တကြီးနှင့် ဦးတင်မြူးက ပြောသည် ။

"နည်းပညာသစ်တွေတတ်လာတဲ့ သမီးက ဖေဖေတို့ ရဲ့ ဟိုတယ်ကြီးကို စုန်းစုန်းမြုပ် မသွားအောင် ကယ်တင်နိုင်လိမ့်မယ်လို့ ထင်တယ်"

မြူးဝတီရဲ့ ရင်ထဲမှာ နင့်နင့်ကြီးခံစားလိုက်ရသည် ။ ဖခင်ကြီးက သူ့ကို သိပ်ပြီး မျှော်လင့်ချက်ထားနေသည် ။ သူ မျှော်မှန်းထားသလို မြူးဝတီက လုပ်နိုင်ပါ့မလားဟု စိုးရိမ်စွာတွေးသည် ။

"နောက်ပြီး သမီးကို တစ်ခုအကြံပေးချင်တယ်"

"ဘာလဲဖေဖေ"

"မောင်မိုးယံမင်းနဲ့ သမီးကို ဆွေးနွေးစေချင်တယ်၊ သူရဲ့ မိုးယံဟိုတယ်ပြုပြင်လိုက်တာ သိပ်ကိုကောင်းသွားတယ်၊ ဧည့်သည် တွေကအမြဲပြည့်နေတယ်၊ တစ်ခါတလေ ပေးစရာအခန်းမရှိလို့ တချို့ဧည့်သည် တွေကို လက်မခံနိုင်အောင်ဖြစ်နေတယ်"

"ဟုတ်လား ဖေဖေ"

"သူက သူ့ဟိုတယ်ကို ကောင်းစားကြီးပြင်ပြီး ဖေဖေ့ကို အပြတ်တိုက်ခိုက်နေတာပေါ့"

"တိုက်ခိုက်တာ မဟုတ်ပါဘူးကွယ်"

"သိပ်မဝေးလှတဲ့ ဟိုတယ်နှစ်ခုမှာ ယှဉ်ကြည့်ရင် ကောင်းတဲ့ ဟိုတယ်ကိုပဲ ဧည့်သည် ကရွေးချယ်မှာ ပေါ့ ဖေဖေရယ်"

"အင်းလေ၊ ဒါက ဧည့်သည် ရဲ့ သဘောပေါ့၊ ပိုက်ဆံပေးပြီး တည်းတာ ကောင်းတာပဲ ရွေးတည်းမှာ ပေါ့"

"ဖေဖေ သူနဲ့ ဆွေးနွေးကြည့်သေးလား"

"ဆွေးနွေးကြည့်တယ်၊ သူက ဟိုတယ်ကို ပြုပြင်နိုင်တယ်၊ အဲဒါက ဖေဖေမလုပ်နိုင်တဲ့ အလုပ်ဖြစ်နေတယ်"

"အဲဒါ သူပြောမှ လား ဖေဖေရယ်၊ အဆင့်မြင့်အောင်ပြင်ဖို့ ဆိုတာ

ငွေအဓိကပဲမဟုတ်လား၊ ငွေရှိရင် အားလုံးလုပ်နိုင်တာပဲ"

မြူးသီရိက မကြည်လင်သောအသံခပ်ဆတ်ဆတ်လေးနှင့် ပြောလိုက်သည် ။

"သမီးနဲ့ မောင်မိုးယံမင်းနဲ့ က အတော်ခင်တာဆိုတော့ သမီးသူနဲ့ ဆွေးနွေးကြည့်ပါလား"

ဖခင်နဲ့ စကားကြောင့် မြူးဝတီရဲ့ ရင်ထဲမှာ မွန်းကျပ်တစ်ဆို့သွားသည် ။ သည် လောကမှာ မြူးဝတီ မပတ်သက်ချင်ဆုံးသူက မိုးယံမြင့်ပါပဲ။

"ပြီးခဲ့တဲ့ လေးငါးရက်က သူနဲ့ တွေ့တုန်းကတောင် သမီးပြန်လာတော့မယ့်အကြောင်း ဖေဖေက ပြောလိုက်သေးတယ်"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ်၊ သူက သမီးပြန်လာရင် တွေ့ချင်တယ်ဆိုလို့ ပြောတယ် "

မိုးယံမင်းနှင့်သူ့ကြားမှာ တွေ့စရာအကြောင်း တစ်စုံတစ်ရာမျှ မရှိပါ ။ ဘာကြောင့် တွေ့ချင်သည် ကို သူက စပြောရသည် လဲ။

"မြူးကတော့ စီးပွားပြိုင်ဖက်တစ်ဦးဆီက အကြံကို မတောင်းဆိုချင်ဘူး ဖေဖေရယ်"

မိုးယံမင်းနှင့် မတွေ့ဆုံရလေအောင် မြူးဝတီက စကားဦးသန်းလိုက်သည် ။

"စီးပွားပြိုင်ဘက်တွေဆိုပေမဲ့ မောင်မိုးယံမင်းက ဖေဖေတို့အပေါ်မှာ စိတ်ကောင်းစေတနာ ရှိပါတယ်"

ထိုစကားစုကို မြူးဝတီက ရင်ထဲကနေ မဲ့ရွဲ့ရှုတ်ချလိုက်သည် ။

ဒီလူလား စိတ်ကောင်းရှိမှာ ၊ ဖေဖေက သူဘယ်လောက် ကိုယ်ကျင့်တရားခေါင်းပါးတယ် ဆိုတာမှ မသိဘဲ။

မြူးဝတီက စိတ်ထဲကနေ ဖခင်ကို ဆင်ခြေတွေပေးနေသည် ။ မိုးယံမင်းရဲ့ အကြောင်းကို စကားဖြတ်ချင်၍ မြူးဝတီက ကုလားထိုင်က ထသည် ။

"မြူး ခဏလျှောက်ကြည့်ပြီး မန်နေဂျာနဲ့ တွေ့လိုက်ဦးမယ်"

မြူးဝတီက အခန်းထဲကထွက်ခဲ့ပြီး လက်ထောက်မန်နေဂျာနှင့် တွေ့ရန် စိတ်ကူးသည် ။ မန်နေဂျာဦးလတ်က သူ့အခန်းထဲမှာ ရှိနေသည် မို့ အလျဉ်းသင့်သွားသည် ။

"ဟော ... မမြူးဝတီ၊ အလုပ်ဆင်းပြီလား"

"ဟုတ်တယ် ဦးလတ်"

"ကျွန်တော် ဘာလုပ်ပေးရဦးမလဲ"

"စားပွဲပေါ်မှာ စာရင်းဇယားတွေ အကုန်တွေ့ခဲ့ပါပြီ"

"နောက် ဘာများ လိုပါသေးလဲ"

"ဝန်ထမ်းတွေအကြောင်း နည်းနည်းသိချင်လို့ ပါ"

"ဟုတ်ကဲ့ ဘာသိချင်ပါသလဲ"

"ဝန်ထမ်းတွေကို လျှော့လိုက်တယ်ဆို၊ တော်တော်များ လား"

"သန့်ရှင်းရေးသမားကနေ အပေါ်အထိဆို ဆယ့်ငါးယောက်လောက် လျှော့လိုက်ပါတယ်"

"ဟုတ်လား၊ ဒါဆို ဘယ်လောက်ကျန်သေးလဲ"

"နှစ်ဆယ့်သုံးယောက်ရှိပါသေးတယ်"

"သူတို့ နဲ့ အလုပ်က လည်ပတ်ရဲ့ လား"

"ညှော့သည့် ပါးတော့ လည်ပတ်ပါတယ်၊ အခုတလောဆို အဲဒီလူထဲ ကတောင် ပိုသလိုဖြစ်နေပါပြီ"

"ဟုတ်လား၊ မြူးတို့ ဆီမှာ အချိန်ကြာလုပ်လာတာတဲ့ ဝန်ထမ်းတွေ ကို လျှော့ပစ်ရတာ စိတ်မကောင်းစရာပဲ၊ သူတို့ အလုပ်လက်မဲ့ဖြစ်ကုန်ပြီပေါ့နော်"

"တချို့ကတော့ တခြားနေရာမှာ အလုပ်ဝင်ပြီး တချို့က အလုပ်မရ သေးပါဘူး"

"စိတ်မကောင်းစရာပဲ"

မြူးဝတီက ကျန်ရှိနေသောအလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်မှာ ကို စိုးရိမ်လှသည် ။ သည် မြူးရိပ်ငြိမ်ဟိုတယ်ကြီး ဆက်လက်လည်ပတ် ရှင်သန်နေအောင် သူတစ်နည်းနည်းနှင့် စွမ်းဆောင်ရမည်ဟု မြူးဝတီ ဆုံးဖြတ်လိုက်သည် ။

ဦးလတ်နှင့် စကားပြောပြီး သူရုံးခန်းကို ပြန်ခဲ့သည် ။ ရင်ထဲမှာ လေးလံထိုင်းမှိုင်းနေသည် ။

"သမီးရေ၊ ဒီနေ့ညနေကို သူတို့ ဟိုတယ်ကို လာခဲ့ပါလို့ မောင်မိုးယံမ င်းက ပြောတယ်"

"ဟင် ... ဘယ်တုန်းက ဖေဖေ သူနဲ့ အဆက်အသွယ်ရလိုက်တာလဲ"

"အခုနကပဲ ဆက်တယ်၊ ဖေဖေက ချိန်းပေးလိုက်တာလေ"

"သေလိုက်ပါတော့"

ထိုစကားစုကို ရင်ထဲကနေ ကျယ်ကျယ်လောင်လောင်ကြီး မြူးဝတီက အော်လိုက်ပါသည် ။ အိုသွားသောသမီးမျက်နှာကိုကြည့်ပြီး ဦးတင်မြူးက ပြောသည် ။

"ဖေဖေလုပ်လိုက်တာ မှားသွားလို့ လား"

မျက်နှာငယ်လေးနှင့်ကြည့်နေသော ဖခင်ကို သနားသည့်စိတ်နှင့် အားနာပါးနာ ခေါင်းခါလိုက်ရပါတော့သည် ။

***